စိတ်ကူးချိုချိုအနုပညာ


NOBEL-MYANMAR
LITERARY FESTIVAL
( Literature for Children )

## မောင်ခေတ်ထွန်း

ပြန်ဆိုပြုစုသည်၊

# တရုတ်ရိုးရာ ပုံပြင်ကမ္ဘာ

# (၂)






ISBN 9789997112477
KHIT11
9 789997 112477
1,200.00KS

mgyoe.com

တရုတ်ရိုးရာ ပုံပြင်ကမ္ဘာ(၂)၊ မောင်ခေတ်ထွန်း
အပြင်အဆင်-အမ်အက်စ်အို၊ စာမျက်နှာ ၁၃၆ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# တရုတ်ရိုးရာ ပုံပြင်ကမ္ဘာ

# (၂)

## မောင်ခေတ်ထွန်း

ပြန်ဆိုပြုစုသည်။

ပထမအကြိမ်၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | မျောက်နှင့် ပုစွန်လုံး | ၁ |
| ၂။ | ခြသေ့်နှင့်ယုန် | ၁၃ |
| ၃။ | နွား၏တန်ဖိုး | ၁၇ |
| ၄။ | မိခင်မေတ္တာ | ၁၉ |
| ၅။ | သစ်သားမြင်းရုပ် | ၂၅ |
| ၆။ | ငှက်တံတား | ၆၂ |
| ၇။ | ထူးဆန်းသောပုလဲသုံးလုံး | ၆၈ |
| ၈။ | ထူးဆန်းသောနတ်ဆေးပင် | ၈၂ |
| ၉။ | တတိယမြောက်သားနှင့် စော်ဘွားကြီး | ၉၆ |
| ၁၀။ | ကြက်ကြော်တစ်ကောင်ဖိုး | ၁၁၆ |
| ၁၁။ | ကမ္ဘာကြီးကို ဖန်တီးသူပန်ဂူ | ၁၂၂ |
| ၁၂။ | ရေနတ်ပန်း | ၁၂၆ |
| ၁၃။ | ဖွဲ့ရှိသူ | ၁၃၄ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မျောက်နှင့် ပုစွန်လုံး

တစ်ခါက နွေဦး၏နံနက်ခင်းတစ်ခုတွင် မျောက်နှင့် ပုစွန်လုံးတို့သည် မြစ်ကမ်းဘေးတွင် အတူတကွ ကစားနေကြလေသည်။ သူတို့သည် လိုက်တမ်း ပုန်းတမ်း ကစားနေကြစဉ် ပုစွန်လုံးသည် ဆန်ပေါက်ပေါက်ဆုပ်တစ်လုံးကို တွေ့ရှိလေသည်။ မျောက်ကလည်း ဂျပန် ဆီးချိုပင်ကြီးတစ်ပင် မှ ဆီးသီးတစ်လုံးကို ရရှိလေသည်။



mgyoe.com

mgyoe.com


ပုစွန်လုံးသည် မျောက်အား ဆန်ပေါက်ပေါက်ဆုပ်ကိုပြကာ 'ဒီမှာကြည့်စမ်း၊ ဘယ်လောက်အရသာရှိမယ့် အစားအစာလဲ' ဟု ပြောဆိုလေသည်။

မျောက်ကလည်း အာကျမခံ ပုစွန်လုံးအား ဆီးသီးကိုပြကာ 'ငါ့မှာလည်း သိပ်ကောင်းတဲ့ အစာတစ်ခုရထားတယ်' ဟု ဆိုသည်။

မျောက်၏အစားအစာသည် ဆီးသီးဖြစ်သည်။ မျောက်သည် ဆီးသီးကို ကြိုက်နှစ်သက်သည်။ သို့သော် ယခုအချိန်တွင် မျောက်သည် ဆီးသီးကို မစားလိုပေ။ ဆန်ပေါက်ပေါက်ဆုပ်ကိုသာ စားချင်နေလေသည်။ သို့သော် ပုစွန်လုံးသည် သူ့ဆန်ပေါက်ပေါက်ဆုပ်နှင့် ဆီးသီးကိုလဲယူရန် သဘောမတူချေ။ ထို့ကြောင့် မျောက်သည် ဉာဏ်ဆင်ကာ

'မင်းဟာ အနာဂတ်ကို မစဉ်းစားဘူးဆိုရင်တော့ မင်းလောက်မိုက်တာ မရှိတော့ဘူး၊ အခု မင်းစားမယ်ဆိုရင် ငါ့ဆီးသီးထက်ကြီးတဲ့ ဆန်ပေါက်ပေါက်ဆုပ်ကို မင်းစားနိုင်ပါလိမ့်မယ်၊ ဒါပေမဲ့ ဒီဆီးစေ့ကို မြေကြီးထဲထည့်စိုက်ထားရင် မကြာခင် ဆီးပင်ကြီးပေါက်လာပြီး ဆီးသီးတွေ အများကြီးရလိမ့်မယ်၊ အခု ဆန်ပေါက်ပေါက်ဆုပ်ကို စားရင်တော့ တစ်ခါစားပဲ၊ မင်းတစ်သက်လုံး စားရမှာက ဆီးပင်ပဲ၊ စဉ်းစားပေါ့၊ ငါအခု ပြောတာတွေကို မင်း မယုံဘူးဆိုရင် ငါကိုယ်တိုင် ဒီဆီးစေ့ကို စိုက်ပြမယ်၊ အဲဒီအခါကျမှ မင်းဆီးသီးနှင့် ဆန်ပေါက်ပေါက်ဆုပ် မလဲလိုက်ရလေခြင်း ဆိုပြီး နောင်တမဖြစ်နှင့်' ဟု သူ့ဆီးသီးနှင့် ဆန်ပေါက်ပေါက်ဆုပ် လဲလှယ်ရန် ပြောဆိုတိုက်တွန်းနေလေသည်။

mgyoe.com

mgyoe.com


မျောက်၏စကားကိုကြားသော် ပုစွန်လုံးသည် ခေတ္တခဏမျှ စဉ်းစားကာ မျောက်၏စကားကို ယုံကြည်သွားလေသည်။ ထို့နောက် ပုစွန်လုံးသည် သူရရှိထားသော ဆန်ပေါက်ပေါက်ဆုပ်နှင့် ဆီးသီးကို လဲလှယ်ရန် သဘောတူလိုက်လေသည်။

မျောက်သည် သူ့ဆီးသီးကို နှမြောချင်ယောင်ဆောင်ကာ ပုစွန်လုံးအား မပေးချင် ပေးချင်ဖြင့် ပေးလိုက်သည်။ ထို့နောက် မျောက်သည် ဆန်ပေါက်ပေါက်ဆုပ်ကို ယူကာ အားရပါးရ စားပစ်လိုက်လေသည်။

ပုစွန်လုံးသည် အိမ်ပြန်ရောက်သော် မျောက်ပြောကြားသည့်အတိုင်း ဆီးသီးကို မြေကြီးထဲတွင် ထည့်၍စိုက်လေသည်။

နောက်တစ်နှစ် နွေဦးရာသီတွင် ပုစွန်လုံးသည် သူ့ဆီးပင်စိုက်ထားသည့်နေရာသို့ လာရောက်ကြည့်ရှုလေသည်။ ထို့နေရာတွင် ဆီးပင်ကြီးတစ်ပင်ပေါက်ရောက်နေသည်ကို တွေ့ရလေသည်။ ပုစွန်လုံးသည် ဆီးပင်ကြီးကိုမြင်သော် လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားလေသည်။ ဆီးပင်ကြီးမှာ တစ်နှစ်ထက်တစ်နှစ်ကြီးမားလာလေသည်။ နောက်ဆုံး နွေဦးရာသီတွင် ဆီးပင်ကြီးမှာ ဆီးပွင့်များ ဖူးပွင့်လာလေသည်။ ပုစွန်လုံးသည် အလွန် ပျော်ရွှင်သွားသည်။ ဆောင်းဦးရာသီတွင် ဆီးပင်ကြီးတစ်ပင်လုံး ဆီးသီးကြီးများ ပွတ်ခဲနေသည်ကို တွေ့မြင်ရလေသည်။


'ဒီ ဆီးသီးတွေကိုသာ စားလိုက်ရင် ဘယ်လောက်အရသာရှိလိုက်မလဲ' ဟု ပုစွန်လုံးသည် တွေးမိလေသည်။

နောက်ဆုံးတွင် ဆီးပင်ကြီးရှိ ဆီးသီးများမှာ ဆွတ်ယူစားသုံးရန် မှည့်သည့်အနေအထားသို့ ရောက်ရှိလာလေသည်။ ပုစွန်လုံး

mgyoe.com


mgyoe.com


သည် ဆီးသီးတစ်လုံးဆွတ်ယူရန် ဆီးပင်ပေါ်သို့ တက်လေသည်။ သို့သော် သူသည် သစ်ပင်ပေါ်သို့ တက်၍မရချေ။ ပုစွန်လုံးဟူသည် သစ်ပင်ပေါ်သို့ တက်တတ်သည့် သတ္တဝါမဟုတ်ချေ။ ပုစွန်လုံးသည် သစ်ပင်ပေါ်သို့တက်ရန် အကြိမ်ကြိမ်ကြိုးစားသော်လည်း တက်၍မရချေ။ ထို့နောက် သူသည် သူ့မိတ်ဆွေဖြစ်သူ မျောက်အား သတိရသွားသည်။ မျောက်သည် သစ်ပင်တက်ကောင်းကောင်း ကျွမ်းကျင်သူဖြစ်သည်။ ထိုသို့ဖြင့် ပုစွန်လုံးသည် သစ်ပင်ပေါ်သို့တက်ရန် အကြိမ်ကြိမ်ကြိုးစားသော်လည်း တက်၍မရချေ။ ထို့နောက် သူသည် သူ့မိတ်ဆွေဖြစ်သူ မျောက်အား သတိရသွားသည်။ မျောက်သည် သစ်ပင်တက်ကောင်းကောင်း ကျွမ်းကျင်သူဖြစ်သည်။ ထိုသို့ဖြင့် ပုစွန်လုံးသည် သစ်ပင်ပေါ်မှ ဆီးသီးကို ဆွတ်ခူးရန် မျောက်အား အကူအညီတောင်းခံမည်ဟု ဆုံးဖြတ်လိုက်လေသည်။



mgyoe.com

mgyoe.com

ထို့နောက် ပုစွန်လုံးသည် မျောက်ဆီသို့ ရောက်ရှိလာပြီး သူစိုက်ပျိုးသည့် ဆီးစေ့မှ အပင်ပေါက်လာကာ ဆီးပင်ကြီးတွင် ဆီးသီးများ ပြွတ်ခဲသီးနေသည့်အကြောင်းကို မျောက်အား အားရဝမ်းသာစွာ ပြောပြလေသည်။ ပုစွန်လုံး၏စကားကိုကြားသော် မျောက်သည် အလွန်အံ့အားသင့်သွားလေသည်။ စိတ်လှုပ်ရှားသွားလေသည်။ ချက်ချင်းပင် သူသည် လိုချင်လောဘ ဖြစ်သွားလေသည်။ ဆီးသီးများ အားလုံးကို သူတစ်ယောက်တည်း အပိုင်လိုချင်သွားလေသည်။

မကြာမီ မျောက်နှင့် ပုစွန်လုံးတို့သည် ဆီးပင်ကြီးဆီသို့ ရောက်ရှိလာလေသည်။ မျောက်သည် ဆီးပင်ကြီးကို မြင်သော် ဆီးပင်ပေါ်သို့ လျင်မြန်စွာ ခုန်တက်သွားကာ ဆီးပင်ပေါ်မှ ဆီးသီး

mgyoe.com

mgyoe.com

များကို တစ်လုံးပြီး တစ်လုံး အားရပါးရ စားသုံးလေသည်။ မျောက်သည် အပင်ပေါ်မှ ဆီးသီးများကို စားသုံးနေလေရာ နောက်ဆုံးတွင် ဆွတ်ခူးရန် ခက်ခဲသည့်နေရာတွင်ရှိသည့် ဆီးသီးများသာ ကျန်ရှိလေတော့သည်။ မျောက်သည် ဆီးသီးကို စားနေရာမှ ခေတ္တရပ်နားလိုက်သည်။

မျောက်၏လုပ်ရပ်ကို မြင်တွေ့သောအခါ ပုစွန်လုံးသည် အလွန်စိတ်မချမ်းမသာဖြစ်သွားသည်။ မျောက်သည် ဆီးသီးများကို ဆွတ်ယူပေးရမည့်အစား ဆီးသီးများကို အကုန်လောက်နီးနီး စားသုံးပစ်နေသည် မဟုတ်ပါလော။

ပုစွန်လုံးသည် မျောက်အား သစ်ပင်ပေါ်မှ နေ၍ သူ့ထံ ဆီးသီးများ ဆွတ်ခြွေချပေးရန် အသနားခံလေသည်။ နောက်ဆုံး မျောက်သည် ဆီးပင်ပေါ်မှ အမာဆုံး၊ အစိမ်းဆုံး ဆီးသီးတစ်လုံးကို ဆွတ်ခူးကာ ပုစွန်လုံးထံသို့ ပစ်ပေါက်ပေးလိုက်လေသည်။ ဆီးသီးကြီးမှာ သိပ်စိမ်းလွန်း၍ ကျောက်ခဲကဲ့သို့ ခက်မာနေလေသည်။ မျောက်ပစ်ချပေးလိုက်သော ဆီးသီးကြီးသည် ပုစွန်လုံးကို ထိမှန်သွားကာ ပုစွန်လုံးသည် နေရာတွင်ပင် သေဆုံးသွားလေသည်။

မျောက်သည် ပုစွန်လုံး သေဆုံးသွားသည်ကို တွေ့မြင်သော် သစ်ပင်ပေါ်မှဆင်းကာ လျှင်မြန်စွာ ထွက်ပြေးသွားလေသည်။

ထိုအချိန်တွင် ပုစွန်လုံး၏သားကလေးတစ်ယောက်သည် သူငယ်ချင်းတစ်ယောက်နှင့်အတူ ဆီးပင်ကြီး၏အနီးတွင် ဆော့ကစားနေလေသည်။ သူသည် သစ်ပင်ကြီးအောက်တွင် ကျောက်ခဲများတစ်စစီ ကွဲကာသေဆုံးနေသော သူ့ဖခင်ကို မြင်တွေ့သွား
mgyoe.com

mgyoe.com


သည်။ သူ့ဖခင်၏ဘေးနားတွင် ဆီးသီးစိမ်းကြီးတစ်လုံးကိုလည်း တွေ့ရလေသည်။

သူသည် သူ့ဖခင်အလောင်း၏ဘေးနားတွင် ထိုင်ကာ ပြင်းစွာ ငိုကြွေးလေသည်။ ထို့နောက် သူသည် သူ့ဖခင်အား သတ်သွားသည့်သူကို လက်စားချေ တုံ့ပြန်ရန် ဆုံးဖြတ်လိုက်လေသည်။

မျောက်သည် သူ့ဖခင်နှင့်အတူ ဆီးပင်ကြီးဆီသို့ ထွက်သွားသည်ကို ထောက်ရှု၍ မျောက်သည် သူ့ဖခင်ကို သတ်သူ ဧကန်ဖြစ်ရမည်ဟု ပုစွန်လုံးလေးက တွက်ဆထားပြီးဖြစ်သည်။

ပုစွန်လုံးကလေးက မျောက်သည် အလွန်ပါးနပ်လိမ္မာ၍ သူ့ထက် အားခွန်ဗလကြီးမားသူဖြစ်ကြောင်းကို သိသည်။ မျောက်နှင့် ဖက်ပြိုင်တိုက်ခိုက်ရန် လုံးဝမဖြစ်ပေ။ ထို့ကြောင့် ပုစွန်လုံးကလေးသည် သူ့ဖခင်၏မိတ်ဆွေရင်းချာဖြစ်သော ကျောက်ကြိတ်ဆုံကြီးဆီသို့လာကာ အကူအညီတောင်းခံလေသည်။

ကျောက်ကြိတ်ဆုံကြီးကလည်း ပုစွန်လုံးကလေးအား ကူညီပါမည်ဟု ပြန်လည်ပြောကြားသည်။ ကျောက်ကြိတ်ဆုံကြီးက တစ်ဖန် ပျားနှင့် သစ်အယ်သီးကြီးဆီသို့ သွားရောက်ကာ ပုစွန်လုံးအား အကူအညီပေးဖို့ ပြောကြားလေသည်။ ပျားနှင့် သစ်အယ်သီးတို့သည် ကျောက်ကြိတ်ဆုံကြီးထံမှ ပုစွန်လုံးလေး ဖခင်သေဆုံးသည့်အကြောင်းနှင့် လောဘကြီးသော မျောက်အကြောင်းကိုကြားသော် ပုစွန်လုံးလေး၏ဖခင်သေဆုံးမှုအတွက် လက်စားချေရေးတွင် ကူညီမည်ဟု ကတိပေးကြသည်။

သူတို့သည် မျောက်အား မည်သို့လက်စားချေရမည်ဆိုသည်ကို ဆွေးနွေးကြသည်။ အစီအစဉ်များ ချမှတ်ကြသည်။ ထို့နောက်


mgyoe.com

mgyoe.com


သူတို့သည် ပျားအား သံတော်ဆင့်အဖြစ် မျောက်ဆီသို့စေလွှတ်လိုက်လေသည်။

ပျားသည် မျောက်ထံသို့ ရောက်သော်

'မိတ်ဆွေ၊ ပုစွန်လုံးလေးက သူ့အဖေဆုံးပါးသွားတဲ့အကြောင်း ဝမ်းနည်းစကားကို မိတ်ဆွေထံပြောကြားဖို့ စေလွှတ်လိုက်ပါတယ်၊ သူ့အဖေဟာ လွန်ခဲ့တဲ့ အပတ်က ဆီးပင်ပေါ်က ကျပြီး သေဆုံးခဲ့ပါတယ်၊ ဒီနေ့ ခုနစ်ရက်မြောက်တဲ့ ရက်လည်နေ့ပဲ၊ မိတ်ဆွေကို သေဆုံးသွားပြီးဖြစ်တဲ့ သူ့အဖေ ဂုဏ်ပြုပွဲကို ကြွရောက်ဖို့ ဖိတ်ကြားခိုင်းလို့ရောက်ရှိလာခြင်း ဖြစ်ပါတယ်၊ မိတ်ဆွေဟာ သူ့အဖေရဲ့ အရင်းနှီးဆုံး မိတ်ဆွေဖြစ်လို့ သူ့အိမ်မှာလုပ်မယ့် ဂုဏ်ပြုကျွေးမွေးပွဲကို အထူးဧည့်သည်တော်အဖြစ် လာရောက်ချီးမြှင့်ပါလို့ မှာကြားလိုက်ပါတယ်' ဟု ချိုသာစွာ ပြောဆိုဖိတ်ကြားလေသည်။



မျောက်သည် ပျား၏စကားကိုကြားသော် အလွန်ပင် ဝမ်းသာသွားလေသည်။ သူသည် ပုစွန်လုံးကိုသတ်ခဲ့သည့် ပြစ်မှုအတွက် အလွန်ပင် စိုးရိမ်ပူပန်နေလေသည်။ ယခု ပျား၏ ပြောဆို

mgyoe.com

mgyoe.com


သောစကားတွင် ပုစွန်လုံးသေရသည်မှာ ဆီးပင်ပေါ်က ကျ၍ သေရခြင်းဖြစ်သည်ဟု ဆိုထားသောကြောင့် သူသတ်သည်ကို မည်သူမျှမသိကြဟု ယုံကြည်သွားကာ သူ့ကိုယ်သူ စိတ်ချသွားလေသည်။


မျောက်သည် ပုစွန်လုံးသေဆုံးသွားသော သတင်းအတွက် အလွန်အံ့သြသော အမူအရာပြကာ ဂုဏ်ပြုကျွေးမွေးပွဲ ဖိတ်ကြားမှုကို လက်ခံလိုက်လေသည်။ ပျားက မျောက်အား ဖိတ်ကြားမှုကို လက်ခံသည့်အတွက် အလွန်ကျေးဇူးတင်ကြောင်း ပြောကြားကာ ပုစွန်လုံးလေးဆီသို့ ပြန်လာခဲ့လေသည်။ ပုစွန်လုံးလေးဆီသို့ ရောက်သော် ဂုဏ်ပြုပွဲသို့ မျောက်လာရောက်မည့်အကြောင်း ပြန်လည်ပြောကြားလေသည်။

မကြာမီ မျောက်သည် ပုစွန်လုံးလေး၏အိမ်သို့ ရောက်ရှိလာလေသည်။ မျောက်သည် ဝတ်ကောင်းစားလှများကို ဝတ်စားလာလေသည်။ ပုစွန်လုံးလေး မိသားစုများက မျောက်အား ကောင်းမွန်စွာ ကြိုဆိုကြသည်။ ထို့နောက် သူတို့အားလုံးသည် စားကောင်းသောက်ဖွယ်များကို စားသုံးရန် စားပွဲအသီးသီးတွင် ထိုင်ကာ နေရာယူလိုက်ကြသည်။ မျောက်သည် ဤပွဲသို့ ဂုဏ်ထူးဆောင် အထူးဧည့်သည်အဖြစ် ဖိတ်ကြားခြင်းခံရ၍ အလွန်ဝမ်းမြောက် ပျော်ရွှင်ကာ သူ့ကိုယ်သူ အလွန်ကျေနပ်ဂုဏ်ယူလျက်ရှိသည်။

စားသောက်ပွဲပြီးသွားသော် ပုစွန်လုံးလေးသည် မျောက်ကို လက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံရန် လက်ဖက်ရည်ဆောင် အခန်းထဲသို့ ခေါ်လာသည်။ ထို့နောက် ပုစွန်လုံးလေးသည် မျောက်ကို အခန်းထဲ၌ ခဏစောင့်နေရန်ပြောဆိုကာ ထားခဲ့ပြီး

mgyoe.com

mgyoe.com



ထွက်လာခဲ့သည်။ သို့သော် အချိန်ကြာသွားသော်လည်း ပုစွန်လုံး လေးကား အခန်းထဲသို့ပြန်လည် ရောက်ရှိမလာပေ။ ထိုအခါ မျောက်သည် ပုစွန်လုံးလေးအား စောင့်ရသည်ကို စိတ်မရှည်နိုင်ဖြစ် လာသည်။ ထို့ပြင် သူသည် ရေဆာလောင်မွတ်သိပ်လာသည်။ ထို့ကြောင့် သူသည် မီးဖိုဆီသို့သွားကာ ရေနွေးကရားထဲမှ ဆူပွက် နေသော ရေနွေးများကို ခွက်ထဲသို့လောင်းထည့်လေသည်။ ထိုအချိန်တွင် ပြာထဲမှပေါက်ကွဲသံ ကြားရပြီး အလွန်ပူသော အရာ ဝတ္ထုတစ်ခုသည် မျောက်၏လည်ပင်းကို ထိမှန်သွားလေသည်။ ထိုအရာမှာ အခြားမဟုတ်ပေ။ ပုစွန်လုံးလေး၏ မိတ်ဆွေတစ်ဦး ဖြစ်သည့် သစ်အယ်သီးကြီးပင် ဖြစ်သည်။ သစ်အယ်သီးကြီး သည် မီးခဲပြာထဲတွင် ပုန်းအောင်းနေရာမှ မျောက်ရောက်လာ

mgyoe.com

mgyoe.com

သည့်နှင့် တစ်ပြိုင်နက် မီးခဲပြာပုံထဲမှ ခုန်ထွက်ကာ မျောက်ကို တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

မျောက်လည်း အလွန်နာကျင်စွာဖြင့် အခန်းထဲမှ ထွက်ပြေးလေသည်။ ထိုအချိန်တွင် တစ်နေရာတွင် ပုန်းအောင်းနေသော ပျားသည် အခန်းထဲမှ ပြေးထွက်လာသော မျောက်၏မျက်နှာကို နေရာမလပ်လိုက်လံ ထိုးတုပ်လေသည်။

မျောက်လည်း သူ့မျက်နှာကို ပျားတုပ်ခံရသောဒဏ်၊ အလွန်ပူပြင်းလှသည့် သစ်အယ်သီးကြီး ထိမှန်၍ လည်ပင်းတွင် မီးလောင်ခံရသည့်ဒဏ်တို့ကြောင့် လွန်စွာနာကျင်ကာ တံခါးပေါက်ဆီသို့ စွတ်ပြေးလေသည်။ ထိုအခါ အခန်းပေါက်ဝ တံခါးပေါင်ပေါ်တွင် မျောက်အလာကို စောင့်ကြိုနေသည့် ကျောက်ကြိတ်ဆုံကြီးက မျောက်၏ခေါင်းပေါ်သို့ သူ့ကိုယ်လုံးကြီးကို လှိမ့်ချလိုက်လေသည်။ မျောက်လည်း သူ့ခေါင်းကို ကျောက်ကြိတ်ဆုံထိမှန်သွားကာ နာကျင်လွန်းလှ၍ တအားအော်ပြီး ကြမ်းပေါ်နောက်ပြန်လဲကျသွားလေသည်။ ပြန်၍မထနိုင်တော့ပေ။ သူ့ကို ဆွဲထူပေးမည့်သူလည်း မရှိပေ။

ထိုအချိန်တွင် ကျောက်ပုစွန်လုံးလေးသည် သူ့ဆီသို့ရောက်ရှိလာလေသည်။ ပုစွန်လုံးလေးက မျောက်အား

'သင်ဟာ အမှန်စင်စစ် ကျွန်ုပ် အဖေကိုသတ်တဲ့သူပဲ၊ သင့်ပြစ်မှုအတွက် သင်ဝမ်းမနည်းဘူးလား' ဟုပြောဆိုလေသည်။

ထိုအခါ မျောက်က ကြောက်လန့်တကြားဖြင့်

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ သင့်အဖေကို ကျွန်ုပ်သတ်တာမဟုတ်ဘူး၊ ဒါသင့်အဖေရဲ့မှားယွင်းမှုပဲ၊ သူဟာ သစ်ပင်ပေါ်က

mgyoe.com

mgyoe.com


ကျပြီး သေရတာပါ၊ ကျွန်ုပ်သတ်တာ မဟုတ်ပါဘူး’ ဟု ထပ်ကာ ထပ်ကာ ငြင်းဆိုနေလေသည်။

နောက်ဆုံး ပုစွန်လုံးလေးလည်း

‘ကဲ၊ အခုတော့ သင်ပြန်ပြီး ခံရမှာကို ကြောက်နေပြီ မဟုတ်လား၊ အခု သင်ဘာတတ်နိုင်သေးလဲ၊ ကျွန်ုပ် သင့်ရဲ့မကောင်းတဲ့ အကျင့်အကြံတွေကို အဆုံးသတ်ပြီး ကျွန်ုပ်ရဲ့ဖခင်အတွက် သင့်ကို ကလဲ့စားပြန်ချေရမယ်’ ဟု ပြောဆိုကာ သူ၏ကြီးမားချွန်ထက်သော လက်မကြီးနှစ်ခုဖြင့် မျောက်၏ဦးခေါင်းကို ဖြတ်ချလိုက်လေသည်။

[Princess Moon Light and other Stories စာအုပ်မှ The Monkey and the Crab.]

❐

mgyoe.com

mgyoe.com

# ခြသေ့်နှင့် ယုန်

တစ်ခါက တောထဲတွင် ခြသေ့်ကြီးတစ်ကောင်နှင့် ယုန်ကလေးတစ်ကောင်တို့သည် အတူတကွ နေထိုင်ကြလေသည်။ ခြသေ့်ကြီးသည် အင်အားကြီးမား၍ ယုန်ကလေးကို အမြဲတမ်းအထင်သေးလေ့ရှိသည်။ နှိမ်လေ့ရှိသည်။ တစ်ခါတစ်ရံ ခြိမ်းခြောက်၍ အနိုင်ကျင့်လေ့ရှိသည်။ သူသည် အလွန်အင်အားကြီးမားသူဖြစ်သည်ဟု ဂုဏ်ယူကြွားဝါလေ့ရှိသည်။

ထိုသို့ ခြသေ့်ကြီးသည် ယုန်ကလေးအပေါ် အမြဲတမ်း အနိုင်ကျင့်ခဲ့ရာ ယုန်ကလေးသည် အချိန်ကြာလတ်သော် ခြသေ့်၏သည်းညည်းကိုမခံနိုင်ဖြစ်လာသည်။ တစ်နေ့နေ့တွင် ခြသေ့်အားပြန်လည် ကလဲ့စားချေမည်ဟူ၍ အခွင့်ကောင်းကို စောင့်ဆိုင်းနေလေသည်။

တစ်နေ့တွင် ယုန်ကလေးသည် ခြသေ့်ကြီးအား 'ဒီမယ်မနေ့က တောင်ခြေရင်းမှာ ခင်ဗျားနဲ့ သိပ်တူတဲ့ သတ္တဝါတစ်ကောင်ကို

mgyoe.com

mgyoe.com

တွေ့ခဲ့တယ်၊ သူက ဒီလောကမှာ ငါ့ကို' အံတုဝံ့တဲ့ကောင်ရှိရင် ခေါ်လာခဲ့၊ ငါနဲ့ဖက်ပြိုင်မယ်၊ အေး–ဒါမှမဟုတ်ရင်တော့ အားလုံးဟာ ငါ့နောက်လိုက် တပည့်တွေပဲလို့ လေလုံးထွားထွားနဲ့ ပြောဆိုသဗျ၊ သူ့ကိုယ်သူ ဒီဇမ္ဗူမှာ သူ့လိုလူရှိသေးရဲ့လားဆိုတဲ့ ပုံစံနဲ့ဗျ။ သိပ်ခံပြင်းဖို့ကောင်းလိုက်တာ' ဟူ၍ ပြောဆိုလေသည်။

ထိုအခါ ခြင်္သေ့ကြီးက "မင်းက ဘာလို့ငါ့အကြောင်း မပြောပြလိုက်တာလဲ" ဟု ပြန်မေးသည်။

ယုန်ကလေးက "ကျွန်တော် ခင်ဗျားအကြောင်း မပြောဘဲရှိပါ့မလား။ ခင်ဗျားအကြောင်းကို ပြောခါစရှိသေး၊ သူက မယုံကြည်တဲ့ လေသံနဲ့ အမနာပစကားတွေ ရေရွတ်တော့တာပဲ။ ကျွန်တော်က ပြောတဲ့အတိုင်း မဟုတ်ရင် ကျွန်ခံမယ်ဆိုတာတောင် မလိုချင်ဘူးလို့ အတင်းအော်ငေါက်ပစ်တယ်၊ ဒါနဲ့ပဲ ကျွန်တော်လည်း ပြန်လစ်ပြေးလာခဲ့ရတယ်" ဟု ပြန်ပြောသည်။

ယုန်ကလေး၏စကားကိုကြားသော် ခြင်္သေ့ကြီးသည် အလွန်ဒေါသထွက်သွားလေသည်။ သူ့လည်ဆံမွေးများသည် ထောင်ထလာပြီး "ဘယ်မှာလဲဒီကောင်၊ ငါ့ကို သူရှိတဲ့နေရာလိုက်ပြ" ဟု ဒေါသတကြီး ပြောဆိုလေသည်။

ထိုသို့ဖြင့် ယုန်ကလေးသည် ခြင်္သေ့ကြီးအား တောင်ခြေသို့ ခေါ်ဆောင်လာခဲ့လေသည်။ တောင်ခြေရင်းရှိ အလွန်နက်သော ရေတွင်းတစ်ခုနားသို့ရောက်သော် ယုန်ကလေးက ရေတွင်းထဲသို့ လက်ညှိုးထိုးပြပြီး၊ "ဟောဒီမှာ ခင်ဗျားတွေ့ချင်တဲ့သူ" ဟု ဆိုလိုက်လေသည်။

ခြင်္သေ့ကြီးလည်း ရေတွင်းထဲသို့ ငုံ့ကြည့်လိုက်ရာ သူနှင့်

mgyoe.com

mgyoe.com




အလွန်ရုပ်ချင်းတူသည့် သတ္တဝါကို တွေ့မြင်ရလေသည်။ ခြင်္သေ့ကြီးလည်း ရေထဲမှ သတ္တဝါကို ဒေါသတကြီးဖြင့် စူးစိုက်ကြည့်လိုက်သည်။ ထိုအခါ ရေတွင်းထဲမှ သတ္တဝါကလည်း သူ့နည်းတူ ခြင်္သေ့ကြီးကို စူးစိုက်ကြည့်နေလေသည်။ ခြင်္သေ့ကြီးလည်း ဒေါသကို မထိန်းနိုင်ဘဲ ရေထဲမှ သတ္တဝါကို ဟောက်ပြန်သည်။ ရေထဲမှ သတ္တဝါကလည်း ခြင်္သေ့ကြီးကို သူ့နည်းတူ ပြန်ဟောက်သည်။ ထိုအခါ ခြင်္သေ့ကြီးသည် မခံမရပ်နိုင် ဒေါသဖြစ်ကာ လည်ဆံမွေးများ ထောင်ထလာသည်။ သူ့နည်းတူ ရေထဲမှသတ္တဝါသည်လည်း လည်ဆံမွေးများထောင်ထလာသည်။ တစ်ဖန် ခြင်္သေ့ကြီးက အစွယ်ဖြဲပြသည်။ ရေတွင်းထဲမှ သတ္တဝါကလည်း အစွယ်ဖြဲပြသည်။ ထိုသို့ဖြင့် နောက်ဆုံးတွင် ခြင်္သေ့ကြီးသည် ဒေါသကို မချုပ်တည်းနိုင်ဘဲ ယမ်းပုံမီးကျဖြစ်ကာ ရေတွင်းပေါ်မှနေ၍ ရေထဲမှ သတ္တဝါကို ခုန်အုပ်လိုက်လေသည်။ အမှန်မှာ ရေတွင်းထဲတွင်

mgyoe.com

mgyoe.com

မည်သည့်သတ္တဝါမှမရှိကြပေ။ အားခွန်ဗလ ကြီးမားသော်လည်း အသိဉာဏ်လုံးဝမရှိသည့် ခြင်္သေ့ကြီးသည် ရေတွင်းထဲတွင် ပေါ်နေသော သူ့အရိပ်ကို တခြားသတ္တဝါတစ်ကောင်ဟု ထင်မှတ်နေခြင်း ဖြစ်သည်။

ထိုသို့ဖြင့် ခြင်္သေ့ကြီးသည် အကောင်ငယ်သော်လည်း ပညာဉာဏ်ပြည့်ဝသည့် ယုန်သူငယ်ကလေး၏ လက်ချက်ဖြင့် ရေတွင်းထဲကျကာ သေဆုံးသွားရလေသည်။

Folk Tales from China စာအုပ်မှ...

❒

mgyoe.com

mgyoe.com

# နွား၏တန်ဖိုး

တစ်ခါက တရုတ်ပြည်တွင် ကင်ဖူးအမည်ရှိ လယ်သမား တစ်ဦးရှိလေသည်။ သူ့တွင် စိတ်တိုသော နွားမကြီးတစ်ကောင် ရှိလေသည်။ သူသည် နွားမကြီးကို လုံးဝမနှစ်သက်ပေ။ တစ်နေ့ တွင် နွားမကြီးကို လည်ပင်းတွင် ကြိုးချည်ကာ ဈေးတွင်ရောင်းချ ရန် ခေါ်ဆောင်လာခဲ့လေသည်။

ကင်ဖူးသည် ဈေးသို့ရောက်သော် လူအများရှေ့တွင် နွားမ ကြီးကို လက်ညှိုးထိုးကာ "ဒီနွားမအိုကြီးကို လာပြီး ဝယ်လှည့်ပါ၊ ဒီနွားကြီးဟာ အလွန်ဆိုးတဲ့ နွားကြီးပါ၊ ဒီနွားကြီးကို ဝယ်သွားလို့ ကတော့ သူ့ဆီက နို့တစ်စက်တောင် ရမှာမဟုတ်ဘူး၊ လာဝယ်ကြ ပါ" ဟု ကြမ်းတမ်းစွာ ရွတ်ဆိုကာ နွားမကြီးကို ရောင်းချနေလေ သည်။

သူ့စကားကြောင့် မည်သူမျှ နွားကြီးကို မဝယ်ယူကြပေ။ သို့သော် ကုန်သည်တစ်ဦးကမူ ကင်ဖူးအား "ဒီမယ်ဆရာကြီး ဒီ

mgyoe.com

mgyoe.com

နွားကြီးကို ကျွန်တော့်ကို ရောင်းပါ" ဟု ဆိုသည်။ ကင်ဖူးလည်း 'ကောင်းပြီ' ဟု ဆိုကာ နွားနဖားကြိုးကို ကုန်သည်အား ပေးအပ်လိုက်လေသည်။

ကုန်သည်လည်း နဖားကြိုးကို ကိုင်ကာ–

"ကဲ... ကဲ... ဒီမှာ သိပ်ကောင်းတဲ့ နွားမကြီးနော်၊ မရလိုက်ဘဲနေလိမ့်မယ်၊ ဝယ်ကြပါ၊ ဝယ်ကြပါ၊ ဒီနွားမကြီးဟာ သိုးကလေးလိုပဲ လိမ္မာယဉ်ကျေးတယ်၊ ဒီနွားမကြီးက နွားနို့တွေ အများကြီးပေးလိမ့်မယ်၊ ဒီလောက်ကောင်းတဲ့ နွားမကြီးကို လာပြီး ဝယ်လှည့်ပါ" ဟု ချီးသာစွာ ပြောဆိုရောင်းချနေလေသည်။

ထိုအခါ ကင်ဖူးသည် ကုန်သည်ထံမှ နဖားကြိုးကို ရုတ်တရက်ဆွဲယူကာ "ဒီနွားမဟာ ဒီလောက်ကောင်းနေရင် ခင်ဗျားကို ဘာလို့ရောင်းတော့မလဲ" ဟုဆိုကာ သူ့နွားမကြီးကို လယ်ထဲသို့ ပြန်လည်ခေါ်ဆောင်သွားလေသည်။ ။

စင်ကာပူနိုင်ငံထုတ် Federai Readers Book Seven
စာအုပ်မှ A Tale from China.

❒

mgyoe.com

mgyoe.com

# မိခင်မေတ္တာ

တစ်ခါက သူဌေးကြီးတစ်ဦးမှာ သမီးတစ်ယောက်ရှိလေသည်။ သူ့သမီးအရွယ်ရောက်သော် သူဌေးကြီးသည် သမီးအား အရာရှိကြီးတစ်ယောက်နှင့် လက်ထပ်ထိမ်းမြား ပေးစားလိုက်လေသည်။ သူဌေးကြီးသည် မင်္ဂလာလက်ဖွဲ့အဖြစ် ကုလားအုတ်အဖြူအကောင် ၁၀၀ ကို လက်ဖွဲ့လိုက်သည်။ ထိုကုလားအုတ်များတွင် နို့ဖြတ်ခါစ ကုလားအုတ်ဖြူ ငယ်ငယ်ကလေးတစ်ကောင်လည်း ပါရှိသွားခဲ့လေသည်။ မိခင်ကုလားအုတ်မကြီးက သားငယ်ကုလားအုတ်ဖြူကလေးကို လွမ်းဆွတ်သတိရ မှိုင်တွေနေရှာသည်။ သားငယ်ကလေးကလည်း မိခင်ကြီးကို လွမ်းဆွတ်၍ တမ်းတနေရှာသည်။

ဤသို့ဖြင့် ကုလားအုတ်ငယ်ကလေးသည် မိခင်ကို ပြန်တွေ့ချင်ဇောဖြင့် လမ်းခုလတ်က ထွက်ပြေးလာခဲ့လေသည်။ ကုလားအုတ်ကလေးသည် နားရွက်ကလေးကို ထောင်ကာ မြက်တောထဲ

mgyoe.com

mgyoe.com

တွင် ပြေး၍ သူ့အမေကို ရှာဖွေသည်။ ချုံတောထဲတွင် ပြေး၍ သူ့အမေကို ရှာဖွေသည်။ သို့သော် အမေ့ကိုရှာမတွေ့။ ခြေကုန်လက်ပန်းကျကာ မောဟိုက်နွမ်းနယ်နေရှာလေသည်။ ကုလားအုတ်ငယ်ကလေးသည် ခေတ္တအမောအပန်းဖြေရင်း...

"ဒီအချိန်မှာ ငါ့အမေရဲ့ကျောကိုမှီပြီး အိပ်လိုက်ရင် ဘယ်ပြောကောင်းလိမ့်မတုန်း။ နေလိုလလို တောက်ပနေတဲ့ အမေ့မျက်လုံးကိုကြည့်နေရရင် ရင်ထဲမှာ ဘယ်လောက်ချမ်းငြိမ်းပါ့မလဲ။ ချိုဆိမ့်နေတဲ့ အမေ့နို့ကို စို့နေရရင် ဘယ်လောက်အရသာရှိလိမ့်မလဲ။ နူးညံ့စေပြီး ကြင်နာမှုပြည့်ဝတဲ့ အမေ့အနမ်းတွေဟာ ဘယ်လောက်ချိုမြိန်လိုက်မလဲ" စသည်ဖြင့် တွေးနေမိသည်။

ထိုသို့ကုလားအုတ်ကလေးသည် သူ့အမေကို သတိတရ လွမ်းဆွတ်တွေးတော စဉ်းစားနေစဉ် သူ့ရှေ့၌ ကန်ကြီးတစ်ကန်ကို တွေ့မြင်ရလေသည်။ ထိုကန်ကြီးသည် ကြီးမားကျယ်ဝန်းသည်။ ကုလားအုတ်ငယ်ကလေးက ကန်ကြီးကို ကြည့်ပြီး "ဒီလောက်ကျယ်တဲ့ ကန်ကြီးကို ငါဘယ်လိုဖြတ်ကူးရပါ့" ဆိုကာ စိတ်ပူ၍နေမိသည်။ ထိုအချိန်တွင် ရေကန်ထဲမှ ငါးကြီးတစ်ကောင်သည် သူ့ရှေ့တွင် ဘွားခနဲပေါ်လာသည်။ ငါးကြီးက ကုလားအုတ်ငယ်ကလေးအား "သင်ဘာမှမစိုးရိမ်ပါနဲ့၊ ကျွန်ုပ်ကျောပေါ်ကို တက်ပါ။ ကျွန်ုပ် သင်သွားလိုရာကို ခေါ်ဆောင်သွားပါ့မယ်" ဟု ကြင်နာစွာ ဆိုလေသည်။

ထိုသို့ဖြင့် ငါးကြီးသည် ကုလားအုတ်ငယ်ကလေးကို ကျောပေါ်တင်ကာ ခေါ်ဆောင်သွားလေသည်။ ထိုသို့ဖြင့် သူတို့သည် တစ်ဖက်ကမ်းသို့ ရောက်ရှိလာကြသည်။ ထိုအချိန်တွင် ကုလား

mgyoe.com

mgyoe.com


အုတ်ထိန်းက ကုလားအုတ်ငယ်ကလေးကို ဖမ်းပြီး ကုလားအုတ်အဖိုတစ်ကောင်၏လည်ပင်းတွင် ကြိုးနှင့်တွဲချည်ကာ ဆွဲခေါ်သွားလေသည်။



ကုလားအုတ်ငယ်ကလေးသည် သူ့အမေကို ပို၍သတိရပြီး ငိုကြွေးကာ ကုလားအုတ်မကလေးခေါ်ရာသို့ လိုက်ပါသွားရရှာလေသည်။ ထိုအခါ ကုလားအုတ်အဖိုက "သင်ဘာဖြစ်လို့ငိုတာလဲ" ဟုမေးသည်။ ကုလားအုတ်ငယ်ကလေးကလည်း ကုလားအုတ်ဖိုကြီးကို ဖြစ်ကြောင်း ကုန်စင်ပြောပြသည်။

ကုလားအုတ်အဖိုသည် ကုလားအုတ်ငယ်ကလေးအပေါ်တွင် သနားစိတ်ဝင်လာပြီး ကုလားအုတ်ထိန်း၏အလစ်တွင် ချီထားသော ကြိုးကိုကိုက်ဖြတ်၍ ကုလားအုတ်ကလေးကို လွှတ်လိုက်သည်။

ကုလားအုတ်ကလေးလည်း အားကုန်ပြေးလာခဲ့သည်။ နောက်ဆုံးတွင် သူ့နေရပ်သို့ပြန်လည်ရောက်ရှိလာခဲ့သည်။ သူ့

mgyoe.com

mgyoe.com


အမေကို အားရဝမ်းသာဖြင့်ပြေး၍ တွေ့သည်။ ထိုအချိန်တွင် သူ့အမေသည် သားကို လွမ်းဆွတ်စိတ်ဖြင့် နှလုံးပူဆွေးကာ မကျန်းမမာဖြစ်ပြီး သေလုဆဲဆဲဖြစ်နေရှာသည်။ မျက်ရည်များလည်း တတွေတွေကျဆင်းလျက်ရှိသည်။ ကုလားအုတ်မကြီးသည် မြက်ခင်းပေါ်တွင် လဲနေရာမှ သူ့သားကုလားအုတ်ကလေးအား...

"သားရေ–မေမေ သေရတော့မယ်။ မေမေ သေပြီးတဲ့နောက် ငါ့သားဟာ မေမေ့နားမှာ သုံးညတိတိထိုင်ပြီးနေပါ။ သုံးညပြည့်ရင် မေမေ့ခေါင်းမှာ မြက်ပင်သုံးပင်ပေါက်လာလိမ့်မယ်။ သားက အဲဒီမြက်ပင်ကို သုံးပိုင်းပိုင်းပြီး စားလိုက်ပါ။ နောက်ပြီး မြောက်အရပ်မှာရှိတဲ့ မင်းအစ်ကိုကို သွားရှာပါ။ မင်းအစ်ကိုအရပ်က ခပ်ပုပု၊ လည်ဆံမွေးက ခပ်ရှည်ရှည်၊ ကိုယ်လုံးက အဖြူရောင်ရှိတယ်။ မင်းအစ်ကိုဆီသွားတဲ့အခါ အိပ်ရင် တောင်ကုန်းပေါ်မှာ မအိပ်နဲ့၊ လူသူလေးပါးစွန့်ခွဲတဲ့ နေရာတွေမှာလည်း မအိပ်နဲ့။ တောင်ကုန်းတွေရဲ့ တောင်ဘက်ဘေးမှာသာ အိပ်ပါ။ နောက်ပြီး မင်းအစ်ကိုဆီရောက်ရင် သူတို့တစ်တွေရဲ့အလယ်မှာ အမြဲနေ" ဟုမှာကြားကာ ကုလားအုတ်မကြီးသည် သေဆုံးသွားလေသည်။

လမ်းခရီးတွင် ကုလားအုတ်ကလေးသည် မိခင်မှာကြားသည်ကို သွေဖည်၍ "တောင်ကုန်းပေါ်မှာ တစ်ညလောက်တော့ စမ်းအိပ်ကြည့်မယ်၊ ဘယ်လိုနေမလဲ" လို့ဆိုပြီး ပထမညတွင် တောင်ကုန်းပေါ်တွင် အိပ်လေသည်။ တောင်ကုန်းပေါ်တွင် လေက တရကြမ်းတိုက်နေသည်။ ရာသီဥတုမှာလည်း အလွန်အေးသည်။ ထိုအခါမှ ကုလားအုတ်ငယ်ကလေးလည်း သူ့အမေစကားကို သတိရပြီး "အမေက ငါ့ကို တောင်ကုန်းပေါ်မှာ မအိပ်ခိုင်းတာ

mgyoe.com

ဒါကြောင့်ကိုး” ဟု ရေရွတ်လေသည်။

သို့သော် ကုလားအုတ်ငယ်ကလေးကား စမ်းသပ်လိုစိတ်မပျောက်သေးပေ။ ကုလားအုတ်ငယ်ကလေးသည် လူအများစခန်းချနေထိုင်သည့် စခန်းဟောင်းတစ်ခုသို့ ရောက်ရှိလာခဲ့သည်။ ကုလားအုတ်ငယ်ကလေးက “ဒီစခန်းမှာ တစ်ညလောက်အိပ်တာဘာမှမဖြစ်တန်ကောင်းပါဘူး” ဟုဆိုကာ သူ့အမေစကားကို သွေဖည်၍ တစ်ညအိပ်လိုက်လေသည်။ ညဘက်တွင် သားရဲတိရစ္ဆာန်များသည် စခန်းဟောင်းတွင် စားကြွင်းစားကျန်များကို လာရောက်ရှာဖွေကြသည်။ ကုလားအုတ်ငယ်ကလေးလည်း သားရဲတိရစ္ဆာန်ဆိုးများ၏ အန္တရာယ်ကိုကြောက်ရွံ့၍ တစ်ညလုံး မအိပ်ရှာရပေ။ ထိုင်စောင့်ကာ ကြည့်နေရရှာသည်။ ထိုအခါကျမှ သူ့အမေ့စကားကို သတိရပြီ “ငါ့အမေက ဒါကြောင့် စခန်းဟောင်းတွေမှာ မအိပ်နဲ့လို့မှာတာကိုး” ဟု သတိရသွားသည်။

တတိယညတွင် ကုလားအုတ်ကလေးသည် သူ့အမေစကားအတိုင်း တောင်ကုန်းကလေးတစ်ခု၏တောင်ဘက်တွင် အိပ်လေသည်။ ထိုညတွင် ကုလားအုတ်ကလေးသည် ရာသီဥတုဒဏ်၊ အစာရှာဖွေလာကြသည့် သားရဲတိရစ္ဆာန်တို့၏ အနှောင့်အယှက်တို့မှ ကင်းဝေးသောကြောင့် ကောင်းစွာအိပ်နိုင်လေသည်။

ထိုသို့ဖြင့် စတုတ္ထနေ့တွင် ကုလားအုတ်ငယ်ကလေးသည် သူ့အစ်ကိုထံသို့ ရောက်ရှိသွားသည်။ ထိုအချိန်တွင်လည်း ကုလားအုတ်ကလေးသည် စူးစမ်းလိုစိတ်များဖြစ်ပေါ်လာပြန်သည်။ သူ့အမေ မှာကြားသည့်အတိုင်း သူ့အစ်ကိုနှင့်အဖော်များကြားတွင်မနေဘဲ ရှေ့မှကျော်တက်ကာ လှမ်းထွက်သွားသည်။

mgyoe.com

mgyoe.com


ထိုစဉ် ကုလားအုတ်ဆိုး တချို့က သူ့ကိုနောက်မှ လှမ်းကန်ကြလေသည်။

ထို့ကြောင့် ကုလားအုတ်ကလေးသည် အားလုံး၏ နောက်မှ လိုက်ပြန်သည်။ ထိုအခါ ကုလားအုတ်ကျောင်းသည့် အမျိုးသမီးက တုတ်ဖြင့်ရိုက်၍ ရှေ့သို့မောင်းထုတ်သည်။ ကုလားအုတ်ကလေးက ဘေးမှသွားပြန်သည်။ ထိုအခါတွင် လေထဲတွင်ပါလာသော သဲမှုန်များက သူ့မျက်စိထဲသို့ ဝင်ကုန်သည်။

နောက်ဆုံးတွင် ကုလားအုတ်ကလေးသည် သူ့အစ်ကိုနှင့် အဖော်များကြားကသာ လိုက်ပါသွားလေသည်။ ထိုအချိန်မှစပြီး ကုလားအုတ်ကလေးသည် အစ်ကို၏ပြုစုစောင့်ရှောက်မှုကို ကောင်းစွာရရှိသွားလေသည်။ မြက်ကောင်းကောင်းစားရသည်။ ရေကိုလည်း ဝအောင်သောက်ရသည်။ အခြားကုလားအုတ်များ၏ နှောင့်ယှက်မှုဘေးမှလည်း ကင်းဝေးသွားတော့သည်။ အစ်ကိုကလည်း လမ်းလျှောက်ရင်း ရယ်စရာများ ပြောပြသည်။ ပုံတိုပတ်စများပြောပြသည်။ ထိုသို့ဖြင့် ကုလားအုတ်ကလေးသည် ပျော်ရွှင်မြူးမြွေ့မှုကို အပြည့်အဝရရှိသွားလေသည်။

"အမေ့စကားဟာ တယ်မှန်ပါလား" ဟူ၍ နှုတ်မှအခါခါ ရွတ်ဆိုနေမိလေသည်။

Folk Tales From China စာအုပ်မှ...

❒

mgyoe.com

mgyoe.com

# သစ်သားမြင်းရုပ်

တစ်နေ့ လက်သမားဆရာတစ်ယောက်နှင့် ပန်းပဲဆရာတစ်ယောက်သည် သူတို့၏လက်ရာနှင့် ပတ်သက်၍ ငြင်းခုံလျက်ရှိကြသည်။

လက်သမားဆရာက "ငါ့အနုပညာလက်ရာဟာ မင်းထက်သာတယ်" ဟု ပြောဆို၍ ပန်းပဲဆရာက...

"မင်း ဘယ်လိုပြောလိုက်တာလဲ၊ ငါ့လက်ရာကသာ မင်းထက်သာတယ်ကွ" ဟု ပြောဆိုသည်။

ထိုသို့ဖြင့် တစ်ဦးနှင့်တစ်ဦး ငြင်းခုံနေကြရာ အဖြေရှာမရဖြစ်နေလေသည်။ နောက်ဆုံးတွင် သူတို့သည် ဘုရင်ကြီးထံသို့သွားရောက်ကာ သူတို့၏ပြဿနာကို အဆုံးအဖြတ်ခံရန် သဘောတူကြလေသည်။ မကြာမီ သူတို့သည် ဘုရင်ကြီးရှေ့မှောက်သို့ရောက်လာခဲ့ကြလေသည်။

ဘုရင်ကြီးသည် သူတို့ကိုကြည့်ကာ...

mgyoe.com

mgyoe.com


"မောင်မင်းတို့နှစ်ယောက် ဘာကြောင့်ဒီကိုရောက်လာရသလဲ" ဟုမေးလေသည်။

ထိုအခါ လက်သမားဆရာက "မှန်လှပါ၊ ကျွန်တော်မျိုးဟာ လက်သမားဆရာတစ်ယောက် ဖြစ်ပါတယ်။ ကျွန်တော်မျိုးပြုလုပ်တဲ့ ပစ္စည်းမှန်သမျှကို ကမ္ဘာပေါ်မှာ ဘယ်လက်သမားမှ ပြုလုပ်နိုင်စွမ်းမရှိပါဘူး။ ကျွန်တော်မျိုးလက်ရာဟာ တခြားသူတွေထက် သာလွန်ကောင်းမွန်တာကို တွေ့ရပါလိမ့်မယ်။ ဒါပေမဲ့ ဟောဒီပန်းပဲဆရာက ကျွန်တော်မျိုးလက်ရာဟာ သူ့လက်ရာကို မမီဘူးလို့ ပြောဆိုနေပါတယ် အရှင်ဘုရား" ဟု လျှောက်တင်သည်။

ပန်းပဲဆရာသည် လက်သမားဆရာ၏ စကားကိုကြားသော်...

"အရှင်မင်းကြီး သူ့ပြောကြားချက်ဟာ မမှန်ပါဘူး၊ ကျွန်တော်မျိုးရဲ့ လက်ရာကို မြင်တဲ့သူတိုင်းက ကျွန်တော်မျိုးကို မချီးမွမ်းဘဲ မနေနိုင်ပါဘူး၊ ဒါပေမဲ့ သူက ကျွန်တော်မျိုးရဲ့လက်ရာဟာ သူ့ကို မမီနိုင်ဘူးလို့ ဆိုနေပါတယ်" ဟု ဘုရင်ကြီးအား ပြန်လည်လျှောက်တင်သည်။

ထို့နောက် လက်သမားဆရာနှင့် ပန်းပဲဆရာနှစ်ဦးတစ်သံတည်းဖြင့်...

"ဒါကြောင့် အရှင်မင်းကြီးဟာ ကျွန်တော်မျိုးတို့နှစ်ယောက် အနက် ဘယ်သူ့လက်ရာဟာ ပိုကောင်းတယ်ဆိုတာကို ဆုံးဖြတ်ပေးတော်မူပါလို့ လျှောက်ထားအပ်ပါတယ် အရှင်မင်းကြီး" ဟု လျှောက်တင်ကြလေသည်။

သူတို့နှစ်ဦး၏လျှောက်တင်ချက်ကိုကြားသော် ဘုရင်ကြီး

mgyoe.com

mgyoe.com


သည် မည်သို့လုပ်ရမှန်းမသိဖြစ်ကာ အကျပ်ရိုက်သွားသည်။ ထို့နောက် သူတို့နှစ်ဦးအား...

"မောင်မင်းတို့ရဲ့လက်ရာကို မမြင်ဘဲနဲ့ ဘယ်သူက လက်ရာသာတယ်ဆိုတာ ဘယ်လိုဆုံးဖြတ်ပေးရမှာလဲ၊ ကဲ... ပြန်သွားကြ၊ ၁၀ ရက်အတွင်း ပစ္စည်းတစ်ခုခုလုပ်ပြီး ဒီကိုယူလာခဲ့ကြ" ဟု ပြန်လည်မိန့်ဆိုတော်မူလေသည်။

ထိုသို့ဖြင့် သူတို့နှစ်ဦးသည် အိမ်အသီးသီးသို့ ပြန်သွားကြပြီး ပစ္စည်းတစ်ခုစီ ပြုလုပ်ကြလေသည်။ ၁၀ ရက်ပြည့်သည့်နေ့တွင် သူတို့သည် ဘုရင်ကြီးရှေ့သို့ ရောက်ရှိလာကြသည်။ ပန်းပဲဆရာသည် သံငါးကြီးတစ်ကောင်ကို ယူဆောင်လာသည်။

ဘုရင်ကြီးက 'ဒီသံငါးကြီးဟာ ဘယ်လိုအသုံးဝင်မှာလဲ" ဟု မေးသည်။

ထိုအခါ ပန်းပဲဆရာက "ကျွန်တော်မျိုးရဲ့ သံငါးကြီးဟာ သူ့ကျောပေါ်မှာ သီးနှံအိတ် တစ်သိန်းတင်ပြီး ပင်လယ်မှာ ကူးသွားနိုင်ပါတယ်' ဟု ပြန်ဖြေသည်။

ဘုရင်ကြီးသည် ပန်းပဲဆရာကြီး၏စကားကိုကြားသော် ရယ်မောလျက်...

'ဒီ မိုက်မဲတဲ့ကောင်တော့ ရှုံးတော့မှာပဲ၊ ဒီလောက်လေးလံတဲ့ သံငါးကြီးက ဘယ်လိုလုပ် ရေကူးနိုင်မှာလဲ။ ရေထဲချတာနဲ့ မြုပ်သွားမှာပေါ့' ဟု တွေးမိသည်။ သို့သော် ဘုရင်ကြီးက "မင်းရဲ့ငါး ရေကူးမကူးဆိုတာ ကြည့်ရသေးတာပေါ့" ဟုဆိုကာ အမှုထမ်းများကို ခေါ်၍သီးနှံအိတ်တစ်သိန်းကို သံငါးကြီးပေါ်တင် စေပြီး ပင်လယ်ရေထဲသို့ ချကြည့်လိုက်လေသည်။

mgyoe.com

mgyoe.com


ထိုအခါ သံငါးကြီးသည် ရေပေါ်ရောက်သည်နှင့် မြုပ်မသွားသည့်ပြင် လျင်မြန်သွက်လက်စွာ ကူးခတ်သွားသည်ကို အံ့သြဖွယ်တွေ့မြင်ရလေသည်။ မြင်သူတိုင်းသည် တအံ့တသြဖြစ်ကာ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြသည်။ ဘုရင်ကြီးလည်း ပန်းပဲဆရာအား ကောင်းချီးထောမနာပြုကာ လမ်းဗိုလ်ရာထူးကို ခန့်အပ်လိုက်လေသည်။

ထိုအချိန်တွင် လက်သမားဆရာကြီးသည် မြင်းရုပ်ကို ထမ်းပြီးနန်းတော်ထဲ ဝင်လာသည်။ ဘုရင်ကြီးသည် လက်သမားဆရာအား ကြည့်ပြီး မျက်နှာမသာမယာဖြစ်ကာ...

"ဒါ ကလေးကစားစရာ အရုပ်ပဲ၊ ငါးကြီးနဲ့ ဘယ်လိုလုပ်ပြိုင်မှာတုန်း" ဟု မေးလိုက်လေသည်။

ထိုအခါ လက်သမားဆရာက "မှန်ပါတယ် အရှင်မင်းကြီး၊ ဒါပေမဲ့ ကျွန်တော်မျိုးရဲ့မြင်းရုပ်ဟာ သူ့ငါးထက်ပိုပြီး အံ့သြစရာကောင်းတာကို တွေ့ရပါမယ်။ ဒီမြင်းမှာ သော့တံနှစ်ခုပါပါတယ်။ ပထမသော့တံတစ်ခုကို သော့ပေးလိုက်ရင် မြင်းရုပ်ဟာ ထပျံပါလိမ့်မယ်။ ဒုတိယသော့တံမှာ ထပ်ပြီးသော့ပေးလိုက်ရင် ဒီထက်ပိုပြီး မြန်လာတာကို တွေ့ရပါမယ်။ သော့တံ ၂၆ ခုစလုံးကို သော့ပေးလိုက်ရင် သူ့ကိုဘယ်ငှက်ကမှ လိုက်မမီတော့ဘူး။ အဲဒီလောက်မြန်တာကို တွေ့ရပါမယ်။ အရှင်မင်းကြီးဟာ ဒီမြင်းကြီးကိုစီးပြီး ကမ္ဘာတစ်ပတ်လှည့်လည်သွားလာနိုင်ပါတယ်" ဟု လျှောက်တင်လေသည်။

ထိုသို့ဘုရင်ကြီးနှင့် လက်သမားဆရာတို့ စကားပြောဆိုနေကြစဉ် ဘုရင်ကြီး၏သားတော်လေးတစ်ပါးသည် သူတို့နားသို့

mgyoe.com

mgyoe.com


ရောက်ရှိလာသည်။ သူသည် လက်သမားဆရာကြီး၏ပြောစကား ကို ကြားသိရ၍ အလွန်စိတ်ဝင်စားသွားသည်။ ဘုရင်ကြီး၏သား တော်လေးသည် မြင်းကိုစီးပြီး ကောင်းကင်တွင် ဝဲပျံချင်စိတ်ပေါ် ပေါက်လာသည်။ ကောင်းကင်တွင် ဝဲပျံပြီးကြည့်လျှင် ကမ္ဘာ လောကကြီးသည် မည်မျှ အံ့သြစရာကောင်းမည်နည်း။ ထို့ကြောင့် သားတော်လေးသည် ဖခမည်းတော်ဘုရင်ကြီးအား မြင်းရုပ်ကို စီးခွင့်ပြုပါရန် ခွင့်တောင်းလေသည်။

ဘုရင်ကြီးက "သားတော်လေး မြင်းရုပ်ကိုစီးလို့ ဘယ်ဖြစ်ပါ့ မလဲ၊ ဒီမြင်းရုပ်က တကယ်ပျံနိုင်၊ မပျံနိုင်ဆိုတာ သားတော် ဘယ် သိနိုင်မလဲ၊ မြေပြင်ပေါ် လိမ့်ကျလိမ့်မယ်" ဟု မိန့်ဆိုသည်။

ထိုအခါ လက်သမားဆရာက...

"အရှင်မင်းကြီး ဒီအတွက် စိုးရိမ်ပူပန်မှုမဖြစ်ပါနဲ့၊ သားတော် လေးဟာ မြင်းပေါ်က လိမ့်မကျနိုင်ပါဘူး" ဟု ပြန်လည်လျှောက် တင်လေသည်။

သားတော်လေးသည် သူ့ဖခမည်းတော်အား မြင်းကိုစီးခွင့်ပြု ရန် နားပူနားဆာ ဆက်လုပ်ပြန်လေသည်။ ဘုရင်ကြီးသည် သား တော်လေးကို အလွန်ပင် ချစ်မြတ်နိုးသည်။ မည်သည့်အခါမျှ သား တော်လေးပူဆာသည်ကို ငြင်းပယ်ခဲ့သည်ဟူ၍ မရှိပေ။ ထို့ကြောင့် နောက်ဆုံးတွင် ဘုရင်ကြီးက...

"ကောင်းပြီ... သားတော်လေး စီးချင်တယ်ဆိုရင်လည်း စီးပေါ့၊ ဒါပေမဲ့ ဖြည်းဖြည်းသာစီးပါ၊ မြန်မြန်မစီးပါနဲ့၊ ပထမ သော့တံကလွဲပြီး ကျန်တဲ့သော့တံတွေကို မလှည့်ပါနဲ့" ဟု မိန့်ဆို သတိပေးလေသည်။

mgyoe.com

mgyoe.com


သားတော် မင်းသားလေးလည်း ကတိပြုသည်။ ထို့နောက် မင်းသားလေးသည် မြင်းပေါ်သို့တက်ကာ ပထမသော့တံကို လှည့်၍သော့ပေးလိုက်လေသည်။ ထိုအခါ မြင်းရုပ်ကြီးသည် ကောင်းကင်သို့တက်ကာ ပျံသန်းသွားလေသည်။ မင်းသားလေးသည်မြေပြင်သို့ ငုံ့ကြည့်လိုက်သည်။ မြေပြင်တွင် တောင်များ၊ မြစ်များ၊ သစ်ပင်များ၊ မြို့ရွာများ၊ လူများကို သေးငယ်စွာ မြင်တွေ့ရသည်။

မြင်းသည် ကောင်းကင်သို့မြင့်တက်လေ တောတောင်ရေမြေ လူနေအိမ်ခြေများသည် ပို၍သေးငယ်သွားကြသည်ကို တွေ့ရသည်။ ဤသို့မြင်တွေ့ရသည်ကို မင်းသားလေးသည် အလွန်ပျော်ရွှင်နေမိသည်။ ထို့ကြောင့် သူသည် မြင်း၏ကိုယ်ပေါ်မှ သော့တံအားလုံးကို တစ်ခုပြီးတစ်ခု လှည့်လိုက်သည်။ ထိုအခါ မြင်းသည် အလွန်လျင်မြန်လာလေသည်။ မြင်သည် အလွန်လျင်မြန်လှ၍ အောက်ရှိတောတောင်ရေမြေလူနေ အိမ်ခြေများကို လုံးဝမမြင်ရတော့ချေ။

မင်းသားလေးသည် မြင်းကြီးကိုစီးရင်း ခရီးဝေးလံသည့်နေရာ သို့ရောက်ရှိလာသည်။ ထို့နောက် သူသည် ဗိုက်ဆာလာ၍ အောက်သို့ငုံ့ကြည့်လိုက်ရာအောက်တွင် မြို့တစ်မြို့ကို တွေ့ရလေသည်။ ထို့ကြောင့် မင်းသားလေးသည် မြင်းရုပ်ကြီး၏သော့တံများ အားလုံးကို တစ်ခုပြီးတစ်ခုပြန်ကျပ်လိုက်သည်။ ထိုသို့ဖြင့် မြင်းရုပ်ကြီးသည်အောက်သို့ ဖြည်းဖြည်းချင်းဆင်းသွားကာ မကြာမီ မြေပြင်ပေါ်သို့ရောက်ရှိသွားလေသည်။ မင်းသားလေးသည် ဆိုင်တစ်ဆိုင်တွင် အကောင်းဆုံး စားသောက်ဖွယ်ရာများကို မှာစားပြီး ထိုဆိုင်တွင် တည်းခိုလေသည်။ သူသည် ကစ်ကြိမ်တစ်ခါမှ

mgyoe.com

mgyoe.com


မရောက်ဖူးသည့် မြို့သစ်တစ်မြို့ကို တဒင်္ဂအတွင်း ရောက်ရှိသွား၍ အလွန်ပျော်ရွှင်ဝမ်းသာနေလေသည်။

နောက်တစ်နေ့တွင် မင်းသားလေးသည် မြို့ထဲရှိ လမ်းများသို့လှည့်လည်ကြည့်ရှုသည်။ မကြာမီ သူသည် ကွင်းပြင်ကြီးတစ်ခုသို့ရောက်ရှိသွားသည် ကွင်းပြင်ထဲတွင် လူအုပ်ကြီးတစ်အုပ်သည် ကောင်းကင်သို့ မော့ကြည့်နေသည်ကို တွေ့ရသည်။

"ကောင်းကင်မှာ အလွန်ထူးဆန်းတာကို တွေ့လို့သာ မော်ကြည့်နေတာဖြစ်ရမယ်" ဟု သူသည် တွေးမိကာ သူတို့ရှိရာသို့ လျှောက်လှမ်းသွားသည်။ ထို့နောက် သူသည်လူအများကြည့်ရှုနေရာ ကောင်းကင်သို့ စူးစိုက်ကြည့်လိုက်သည်။ ဘာမျှမတွေ့မမြင်ရချေ။

ထိုသို့ဖြင့် မင်းသားလေးက သူ့အနီးရှိလူတစ်ယောက်အား...

"သင်တို့အား ဘာကိုကြည့်နေကြတာလဲ" ဟု မေးလိုက်သည်။

ထိုအခါ ထိုလူက သူ့ကို သေချာစွာ စိုက်ကြည့်ပြီး...

"ကျွန်ုပ်တို့တိုင်းပြည်ရဲ့ ဘုရင်မင်းမြတ်မှာ သမီးတော်တစ်ပါးရှိတယ်။ သမီးတော်လေးဟာ အလွန်ချော၊ အလွန်လှတယ်။ မင်းသမီးလေးလို ချောမောလှပတဲ့သူ ဒီကမ္ဘာမှာ ရှာလို့မတွေ့နိုင်ဘူး။ ဘုရင်ကြီးဟာ သူ့သမီးတော်လေးကို အလွန်ချစ်ရှာတယ်။ ဒါကြောင့် ဘယ်သူ့ကိုမှ မင်းသမီးကလေးကို ဖူးမြင်ခွင့်မပေးဘူး။ ဒါ့ပြင် မင်းသမီးကလေးကို နန်းတော်ထဲမှာထားရတာ စိတ်မချလို့ ကောင်းကင်မြင့်မြင့်နေရာမှာ နန်းတော်တစ်ဆောင်ဆောက်လုပ်ပြီး မင်းသမီးလေးကို ထားရှိစေတယ်။ မင်းသမီးလေးဟာ အဲဒီနန်းတော်ဆောင်ထဲမှာတစ်ပါးတည်း စံမြန်းရရှာတယ်။ ဘုရင်ကြီး

mgyoe.com

mgyoe.com


ဟာ တိုင်းရေးပြည်ရေးကိစ္စများ ဆောင်ရွက်ပြီးစီးတဲ့အခါ သမီးတော်ကလေးကို သွားရောက်ကြည့်ရှုတော်မူတယ်။ အခု ဘုရင်ကြီးဟာ သူ့သမီးတော်လေးရဲ့ နန်းတော်အဆောင်ထဲမှာ ရောက်ရှိနေတယ်။ မကြာခင် မြေပြင်ကို ပြန်လာမှာဖြစ်တယ်။ ဒါကြောင့် ဒီလူအုပ်ကြီးဟာ ဘုရင်ကြီးပြန်အလာကို စောင့်မျှော်နေကြတာဖြစ်တယ်" ဟု ရှင်းလင်းပြောဆိုလေသည်။

မင်းသားလေးသည်လည်း အလွန်အံ့သြသွားသည်။ ထို့နောက် မင်းသားလေးက...

"ကောင်းကင်မှာ နန်းတော်ကြီးတစ်ဆောင် ဆောက်လုပ်တာ ဘယ်လိုဖြစ်နိုင်ပါ့မလဲ" ဟု မေးလိုက်သည်။

ထိုအခါ မင်းသားလေးဘေးရှိလူက...

"ဒါလား၊ နတ်တွေက နန်းတော်ကို ဖန်ဆင်းပေးကြတာဖြစ်ပါတယ်။ ဒါ့ပြင် အဲဒီနန်းတော်ကို ဘုရင်ကြီးတစ်ပါးသာ သွားရောက်နိုင်တယ်လေ" ဟု ပြောဆိုသည်။

လူငယ်မင်းသားလေးလည်း အဆိုပါ ထူးဆန်းသည့်စကားကို ခေါင်းထဲတွင် စွဲစွဲမြဲမြဲထည့်ထားလိုက်လေသည်။ ထိုညတွင် မင်းသားလေးသည် မြင်းရုပ်ပေါ်သို့ တက်စီးကာ ကောင်းကင်သို့ တက်လာခဲ့သည်။ သူသည် ကောင်းကင်တွင် ကြီးမားသော နန်းတော်ကြီးတစ်ဆောင်ကို တွေ့မြင်လိုက်ရလေသည်။ အဆောင်တံခါးဝရောက်သော် မင်းသားလေးသည် မြင်းရုပ်ပေါ်မှ ဆင်းကာ နန်းတော်ထဲသို့ လျှောက်သွားလေသည်။

မင်းသမီးလေးသည် နန်းတော်ထဲသို့ဝင်လာသူမှာ သူ့ဖခမည်းတော်ဟု ထင်မှတ်သွားသည်။ သို့သော် မင်းသမီးလေး

mgyoe.com

mgyoe.com

သည် မင်းသားလေးကို သေချာစွာကြည့်လိုက်သည့်အခါ သူ့ဖခမည်းတော် မဟုတ်မှန်းသိရှိသွားလေသည်။ သို့သော် မင်းသမီးလေးက မင်းသားကလေးအား နတ်သားတစ်ပါးသာဖြစ်ရမည်ဟု တွေးမိပြန်သည်။ အဘယ်လူသားမှ ဤနန်းတော်သို့လာရောက်နိုင်ကြမည် မဟုတ်ပေ။ ထို့ကြောင့် မင်းသမီးလေးသည် မင်းသားလေးအား ကောင်းမွန်စွာ ကြိုဆိုသည်။ မင်းသမီးကလေးသည် နတ်သမီးတမျှ ချောမောလှပ၍ မင်းသားလေးသည် မင်းသမီးကလေးအား မြင်မြင်ချင်း ချစ်ကြိုက်မိသွားသည်။

"ဒီလို မင်းသမီးလေးမျိုးကိုသာ လက်ထပ်ရရင် ဒီကမ္ဘာမှာ ငါဟာ အပျော်ဆုံးလူတစ်ယောက်ဖြစ်မှာပဲ" ဟု မင်းသားလေးသည် တွေးမိလေသည်။

ထိုတစ်ချိန်တည်းမှာပင် မင်းသားလေးသည် အသက်ငယ်ငယ်ရွယ်ရွယ်ဖြစ်ပြီး ရုပ်ရည်ချောမောလှပကာ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသူဖြစ်၍ မင်းသမီးလေးသည် သူ့နှလုံးသားတွင် အချစ်စိတ်များ တဖွားဖွားပေါ်လာလေသည်။ ထို့နောက်...

"အဖေဟာ ငါ့ကိုဘာကြောင့် ဘယ်သူ့ကိုမှမတွေ့မမြင်နိုင်တဲ့ ဒီလိုနေရာမျိုးမှာ ပိတ်လှောင်ထားပါလိမ့်" ဟု တွေးမိကာ သူ့ဖခင်အား အပြစ်တင်မိလေသည်။

ထို့ပြင်...

"တစ်ဦးဦးက ငါ့ကိုချစ်မြတ်နိုးစေချင်တယ်၊ ယုယပိုက်ထွေးစေချင်တယ်" ဟု တွေးမိပြန်လေသည်။

ထို့နောက် မင်းသားလေးနှင့် မင်းသမီးလေးတို့သည် ရင်ဆိုင်မိသွားပြီး တစ်ဦးနှင့်တစ်ဦး လုံးဝမသိရှိဘဲလျက် တင်းတင်းကျပ်

mgyoe.com

mgyoe.com


ကျပ်ပွေ့ဖက်လိုက်ကြလေသည်။

နံနက်မိုးလင်းသော် မင်းသားလေးလည်း မြင်းရုပ်ကိုစီးကာ ထမင်းဆိုင်သို့ပြန်သွားခဲ့လေသည်။

မကြာမီ ဘုရင်ကြီးသည် ကောင်းကင်နန်းတော်ထဲရှိ သူ့သမီးတော်အား ကြည့်ရှုရန် ရောက်ရှိလာခဲ့လေသည်။

ဘုရင်ကြီးသည် သူ့သမီးထံသို့ရောက်ရှိတိုင်း သူ့သမီး၏ ကိုယ်အလေးချိန်ကို တိုင်းကြည့်လေ့ရှိသည်။

ဘုရင်ကြီးက အမျိုးသမီးတစ်ဦးသည် ယောကျ်ားသားတစ်ဦးနှင့် ထိတွေ့မှုရှိလျှင် ကိုယ်အလေးချိန်တိုးလာသည်ဟု သိရှိထားသည်။

ယခု ဘုရင်ကြီးသည် သူ့သမီး၏ကိုယ်အလေးချိန်ကို ချိန်ကြည့်သောအခါ ကိုယ်အလေးချိန်သည် နှစ်ပိဿာခန့်ပိုလေးနေသည်ကို တွေ့ရှိရလေသည်။

ထိုအခါ ဘုရင်ကြီးလည်း မျက်လုံးပြူးသွားသည်။ ဒေါသအမျက်ထွက်သွားသည်။ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများ ထောင်ထလာသည်။

ဘုရင်ကြီးက အကြောင်းတစ်ခုခုဖြစ်ပေါ်နေပြီဟု တွေးမိကာ ဘာဖြစ်သည်ကို စုံစမ်းရန် သူ့နန်းတော်သို့အမြန်ဆုံးပြန်လာခဲ့လေသည်။

မှူးမတ်ဝန်ကြီးများက ဘုရင်ကြီးမျက်နှာ မကြည်မသာဖြစ်နေသည်ကို မြင်သော် အဘယ်အကြောင်းကြောင့် မျက်နှာတော်မကြည်မသာဖြစ်ရသနည်းဟု လျှောက်တင်မေးမြန်းကြလေသည်။

ဘုရင်ကြီးလည်း ဖြစ်ပျက်ပုံအလုံးစုံကို ပြောပြသည်။ ထို့

mgyoe.com

mgyoe.com

နောက် ဘုရင်ကြီးက...

"ငါ့သမီးတော် ဆောင်နန်းကို ငါ့အပြင် ဘယ်သူက သွားနိုင်လဲ၊ ငါ့သမီးဆီသွားရောက်ခဲ့သူကို မိအောင်ဖမ်းဖို့ ကြံကြပေတော့" ဟု မိန့်ဆိုသည်။

မှူးမတ်ဝန်ကြီးများက...

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးတို့ဆီမှာ သူရဲကောင်းလေးယောက်ရှိတာပဲ၊ အရှင်မင်းကြီးက သူရဲကောင်းလေးယောက်ကို မင်းသမီးလေးရဲ့ နန်းတော်ထောင့်လေးထောင့်မှာ အစောင့်ချထားလိုက်ရင် ပြီးတာပဲ မဟုတ်လား၊ ဒီတစ်ခါ ဒီကောင်လာရင် ဖမ်းဆီးလိုက်ရုံပဲ" ဟု အကြံပေးလျှောက်တင်ကြသည်။

ဘုရင်ကြီးက အမတ်ကြီး၏အကြံဉာဏ်သည် ကောင်းသည်ဟု ယူဆသွားသည်။ ညရောက်သော် ဘုရင်ကြီးသည် သူရဲကောင်းလေးယောက်ကို ကောင်းကင်ရှိ နန်းတော်သို့ခေါ်ဆောင်သွားသည်။

ထို့နောက် သူရဲကောင်းလေးယောက်အား နန်းတော်၏ထောင့်လေးထောင့်တွင် နေရာချကာ စောင့်ကြပ်စေသည်။ ထိုသို့စီမံပြီးစီးသော် ဘုရင်ကြီးသည် မြေပြင်သို့ ပြန်ဆင်းသွားသည်။

သူရဲကောင်းလေးယောက်သည် အလွန် အအိပ်ကြီးသူများဖြစ်ကြသည်။ သူတို့သည် မတ်တတ်ရပ်၍ ကင်းစောင့်ရင်း အိပ်ပျော်သွားကြသည်။ ထို့ကြောင့် မင်းသားလေးသည် မင်းသမီးထံသို့ တစ်ညလုံးလာရောက်ကာ မိုးလင်းချိန်ရောက်မှ ပြန်ဆင်းလာခဲ့သည်။ ဘုရင်ကြီးသည် သူ့သမီးအား ကိုယ်အလေးချိန်ကို ချိန်ကြည့်ရာ သူ့သမီးသည် ကိုယ်အလေးချိန် ၈ ပိဿာတိုးနေသည်ကို

mgyoe.com